# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၈၉)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်အတွင်း ဒေသအချို့တွင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထား

### နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ်(၅၀)ပြည့် ရွှေရတု အာခါ အမျိုးသားနေ့အခမ်းအနားတွင် အာခါ တိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အာခါလူမျိုး အကြီးအကဲတို့၏ ဦးဆောင်မှုဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း အကောင်းဆုံးသင်တန်းသူ ဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာအား ဆုပေးအပ်ချီးမြှင့်စဉ်။




# လယ်ယာမြေများပေါ် ကျူးလွန်နေမှုများ ဥပဒေနှင့်ညီညွတ်ရေးအမြန်ဆောင်ရွက်

လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်ဟု လယ်ယာမြေဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိကြရာတွင် လယ်သမားများ၊ ယာသမားများ၊ ကိုင်းသမားများ၊ ခြံသမားများ၊ တောင်သူများမှာ လယ်ယာမြေများကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်တို့အပြင် လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်သော လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်ဟူသော အခွင့်အရေးများကိုလည်း ရရှိကြသည်။

နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်ပြီး နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လယ်ယာမြေကို လက်ဝယ်ထားရှိ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့် ပြုထားခြင်းဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် မိမိလုပ်ပိုင်ခွင့်ရသည့်မြေမှ ရွှေထွက်သည်၊ ကျောက်စိမ်းထွက်သည်ဟုဆိုလျှင်ပင် တူးဖော်ခွင့်မရှိ။ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းကြရာတွင်လည်း ဤမြေပေါ်တွင် လုပ်ပိုင်ခွင့်ကိုသာဖြစ်ပြီး သတ်မှတ်အခွန်အခများ ပေးဆောင်ခြင်းနှင့် သက်ဆိုင်ရာဦးစီးဌာန၌ မှတ်ပုံတင်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ လိုက်နာရမည့်စည်းကမ်းချက်များတွင် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရန်၊ လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရန်၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရန်ဟူသော စည်းကမ်းချက်များ ပါရှိနေရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ခြင်းမဖြစ်စေရန် ရည်ရွယ်ခြင်းပင် ဖြစ်သည်။

သို့ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများပေါ်တွင် အခြားနည်းသုံးစွဲမှုများ များပြားလာလျက်ရှိသည်ကို တွေ့ရှိနေရသည်။ ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိရာ လမ်းဘေးဝဲယာရှိ စိုက်ပျိုးမြေများပေါ်တွင် မြေများဖို့၍ လူနေအိမ်များ၊ ဈေးဆိုင်များ၊ အခြားအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးများခတ်၍ စိတ်ပိုင်းကာ ထပ်ဆင့်ရောင်းချခြင်းတို့ကို ဥပဒေမျက်ကွယ်ပြု ကျူးလွန်နေကြခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံးတားဆီးအရေးယူဆောင်ရွက်ကြရန် လိုအပ်သည်။ နှောင့်နှေးကြန့်ကြာသည်နှင့်အမျှ အပ်နှင့်ထွင်းရမည့်နေရာတွင် ပုဆိန်နှင့် ပေါက်ရသည့်အဖြစ်မျိုး ခက်ခဲသည့်အဆင့်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ စိုက်ပျိုးမြေများကို အခြားနည်းအသုံးချသည့်ကိစ္စများမှာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များမှ တာဝန်ရှိသူများ၏ မျက်မှောက်တွင် ထင်သာမြင်သာဖြစ်ပေါ်နေခြင်းဖြစ်ရာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတို့ ကင်းစွာဖြင့် အချိန်မလင့်မီ တာဝန်ကျေပွန်ကြရန်လိုသည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအပေါ်တွင် အခြေပြုထားသည့် စီးပွားရေးဖြင့် ရပ်တည်နေရသည့်နိုင်ငံဖြစ်ပြီး စက်မှုနိုင်ငံ၊ နည်းပညာနိုင်ငံအဖြစ် မတက်လှမ်းနိုင်သေးသရွေ့ စိုက်မြေ၊ ပျိုးမြေ၊ လယ်ယာမြေများကို တန်ဖိုးထားကြရမည်ဖြစ်သည်။ မြေရှိတိုင်း စိုက်ပျိုးနိုင်သည် မဟုတ်သည့်အလျောက် စိုက်ပျိုးမြေဟူသည် အကန့်အသတ်နှင့်သာရှိနေသော အဖိုးတန်သယံဇာတဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေသော လူဦးရေတို့ကို ကျွေးမွေးနိုင်ရန် ရှိရင်းစွဲစိုက်ပျိုးမြေတို့ ယုတ်လျော့မသွားစေဖို့ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ သို့ဖြစ်သည့်အလျောက် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲနေမှုများ၊ ခွဲခြမ်းစိတ်ပိုင်း ရောင်းချနေမှုများအားလုံးကို ဥပဒေနှင့်အညီ အညွှတ်ဖြစ်စေရေး မနေးအမြန် ထိရောက်စွာဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။
၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။
၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။
၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ၂၇ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၂၉၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွံ့မျိုးဥ ဂျာနယ် ထွက်ရှိ



၁-၁-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂)၊ အမှတ် (၁) တွင်
- မြိတ်ကျွန်းစုဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြား
- လွတ်လပ်ရေးနှင့် နိုင်ငံသားတို့၏တာဝန်
- ရွှေအရည်အသွေး စစ်ဆေးသည့် ဓာတ်ခွဲခန်း ဖွင့်လှစ်မည်
- အရည်အသွေးကောင်း နိုင်ငံတကာအဆင့်မီ ချည်ချောများ ထုတ်လုပ်နိုင်တော့မည်
- BHARAT TEX 2025 ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံအား ဖိတ်ခေါ်
- နှစ်စဉ်ပြည်ပသို့ မြန်မာ့ကော်ဖီတန်ချိန် ၅၀၀၀ ကျော်တင်ပို့
- ပြည်ပနိုင်ငံများသို့ တင်ပို့ရာမှ ဈေးကောင်းရနေသည့် မြန်မာ့ပြောင်းဆန်
- ၂၁ ရာစု၏ ထူးခြားသော ရှာဖွေတွေ့ရှိမှုဖြစ်သည့် ကင်ဆာကာကွယ်ဆေး ရှုရှား ပညာရှင်များ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၇
မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | စိုးစိုးနိုင် | သတင်းထောက်မှူး - | ခင်ရတနာ |
| စာတည်းမှူး - | မြင့်စိုး | အကြီးတန်း - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

- **အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့၊ ထို့ကြောင့် အာခါလူမျိုးတို့နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရ**
- **ပညာရေးကဏ္ဍတိုးတက်မှု၏ ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုးတပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရ**

◆ *ရှေ့ဖုံးမှ*

၁၉၇၅ ခုနှစ်မှစတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ်(၅၀)ပြည့် အခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစုအစောပိုင်း အချိန်ကာလများမှစ၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံအခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏ အဆုံးအမများအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏ အဝတ်အထည်များကို ကိုယ်တိုင် ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက် ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါတိုင်းရင်းသားတို့နှင့်အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်သော ပွဲတော်များ ကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့ နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ တိုးတက်မှု၏ ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုက်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီး ဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့်လမ်းကြောင်းအတိုင်း လိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့်လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့်ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရွက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်း နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**

## သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များက စုပေါင်းလှူဒါန်း




**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်အတွက် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင် သို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကောင်စီဝင်များအားလုံး၏ နှစ်သစ်ဦးစုပေါင်း လှူဒါန်းငွေကျပ် ၂၅၀၀၀၀၀ ကို သတင်းမီဒီယာကောင်စီရုံး၌ လှူဒါန်း ပေးအပ်သည်။ (ယာပုံ)

နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့ကြသည့် သတင်းစာပညာရှင်ကြီးများအား လေးစားဂုဏ်ပြုသောအားဖြင့် ပြုလုပ်မည့် ပူဇော်ကန်တော့ခြင်းအစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (၀၉- ၄၄၈၀၂၆၃၂၆)၊ အမှတ် (၃၉၂-၃၉၆ ကုန်သည်လမ်း ၉ ရပ်ကွက် ဗိုလ်တထောင်မြို့နယ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❑ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများ၏ မိဘအုပ်ထိန်းသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

**တပ်ခွဲများအားစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် အလံတော်အဖွဲ့နှင့် ကျောင်းဆင်း တပ်ခွဲများအား စစ်ဆေးသည်။ ၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉) မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာ၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ သင်တန်းသူ စုပုံချစ်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ စုပုံချစ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၂) နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၉)တို့၏ သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်များ ထပ်မံမွေးထုတ်ပေးလိုက်သည့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာနေ့တစ်နေ့လည်းဖြစ်ကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် **"ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုများနှင့် ဆေးဘက်ပညာသည်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိကြောင်း။

ထိုသို့ သင်ကြားလေ့ကျင့် မွေးထုတ်ပေးရာတွင် ယနေ့အချိန်ထိ သူနာပြု သိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့၊ ဆေးပညာ သင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ပါရဂူဘွဲ့ရရှိသူ စုစုပေါင်း ၅၅၇၃ ဦးကို လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**ကျေပွန်စွာထမ်းဆောင်**

အမိတက္ကသိုလ်က လေ့ကျင့်သင်ကြား မွေးထုတ်ပေးလိုက်သည့် သူနာပြုများနှင့် ဆေးဘက်ပညာသည်များသည် လက်တွေ့နယ်ပယ်ဖြစ်သည့် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များတွင်သက်ဆိုင်ရာဆေးဘက်ပညာရပ်များကို ထိရောက်စွာ အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို သူနာပြုကျင့်ဝတ်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် တည်ထောင်ခဲ့သည်မှာ လာမည့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ၂၅ နှစ်ပြည့်မြောက်ပြီး ငွေရတု နှစ်ပတ်လည်တိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိကအင်အားစုကြီးဖြစ်သည့် သူနာပြုတပ်ဖွဲ့ဝင်များသည် စစ်ပညာတတ်မြောက်ပြီး ဆင့်ကဲဆင့်ကဲ ရာထူးတာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်ခြင်းကြောင့် သူနာပြုတက္ကသိုလ် (Defence Services Institute of Nursing) ကို ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး အမျိုးသားသူနာပြု သိပ္ပံဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း။

**☆ သာမန်တာဝန်ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှုအတတ်ပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသားဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်**

တပ်မတော်သားများ၊ မှီခိုသူ မိသားစုဝင်များနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များ၊ သူနာပြုများသာမက ဆေးဝါးဖော်စပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် ဆေးဘက်ပညာသည်များ၏ အခန်းကဏ္ဍကလည်း အရေးပါလာခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (Military Institute of Nursing and Paramedical Sciences) အဖြစ် ပြောင်းလဲတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီးသူနာပြုများ မွေးထုတ် ပေးနိုင်ရေးအတွက် အမျိုးသမီးသူနာပြု သိပ္ပံဘွဲ့သင်တန်းများကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် စတင်ဖွင့်လှစ်စဉ်ကပင် ယနေ့ထိတိုင်အောင် ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။

**"စေတနာ အကြင်နာ ဘေးကင်းကွာ"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သူနာပြုများအနေဖြင့် လူနာများကို ပြုစုစောင့်ရှောက်မှု ပေးရာတွင် အကြင်နာတရား အပြည့်အဝထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သာမန်တာဝန်ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှု အတတ်ပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသား ဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြုကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများဆိုသည့် အင်္ဂါရပ်နှစ်ခုနှင့် ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း၊ စာနာမှုနှင့် ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်မှုနှင့် လူနာများ၏ စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုစသည့် သူနာပြုကောင်းတစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်အတွက် အသုံးပြုသည့် ပစ္စည်းကိုဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ဘေးကင်းသော၊ အာနိသင်ရှိသော၊ အရည်အသွေးပြည့်မီသော ဆေးဝါးများ ဖော်စပ်ရေး၊ ထုတ်လုပ်ရေး၊ သိုလှောင်သိမ်းဆည်းရေးနှင့် ပြည်သူလူထုထံသို့ ဖြန့်ဝေရေး စသည့်လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် ဆေးဝါးကျွမ်းကျင်သူများကိုလည်း သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် ပရဆေးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ၊ ဆေးဝါးဖော်စပ်ရေး၊ ဆေးဝါးဗေဒ၊ဆေးဝါးဘက်ဆိုင်ရာဓာတ်ခွဲစမ်းသပ်ခြင်း ဘာသာရပ်များကို အဓိကသင်ကြားပေးလျက်ရှိကြောင်း။

ခေတ်မီ ဆန်းသစ်သည့် အနောက်တိုင်း ဆေးဝါးများနှင့် ပတ်သက်သည့် ပညာရပ်များကိုလည်း ဆည်းပူးသင်ကြားရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေး ကဏ္ဍကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာနှင့် ပါဝင်အားဖြည့်နိုင်ရန် အလေးထား ဆောင်ရွက်လျက်ရှိခြင်းကြောင့် လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာသည့် ဆေးဖက်ဝင်နွယ်မြက်သစ်ပင်တို့ အကြောင်း (Herbal Medicine) ကိုလည်း မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး တိုင်းရင်းဆေးပညာရှင်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ကာကွယ်စောင့်ရှောက်**

ဆေးဝါး ကျွမ်းကျင်သူများအနေဖြင့် ဆေးဝါးဖော်စပ်သည့် ပညာ၊ ဆေးဝါးများ မှန်ကန်စွာ အသုံးပြုရေး၊ ဆေးဝါးများ အရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးစမ်းသပ်ရေး၊ ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေး၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူလူထုတို့ ဆေးဝါး လုံလောက်စွာရရှိရေး၊ သုံးစွဲသူလက်ဝယ်သို့ ဆေးဝါးများ မှန်ကန်စွာရောက်ရှိရေး၊ ဆေးဝါးများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေး စသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ရသူများအနေဖြင့် မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အခြားဆေးဘက်ပညာသည်များဖြစ်သည့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ ဓာတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှု လေ့ကျင့်ပေးရေးကျွမ်းကျင်သူများ အနေဖြင့်လည်း မိမိတို့ အထူးပြုကျွမ်းကျင်ပညာရပ်များအလိုက် လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုများ ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းထားသည့် အထူးပြုပညာရပ်အလိုက် သုတေသန လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသော ဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာပြီးပြည့်စုံသည့် ပြုစုကုသမှုများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချိ မဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်းသူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

*စာမျက်နှာ ၄ မှ*

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျောသား၊ ရင်သား မခွဲခြားဘဲ စိတ်ရင်းစေတနာမှန်နှင့် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊

ဆေးဝန်ထမ်း တပ်ဖွဲ့၏ သမိုင်းကြောင်းတစ်လျှောက်တွင် သူနာပြုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြုစုကုသစောင့်ရှောက်ရေးနှင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေး တာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် စစ်ဆင်ရေး တာဝန်များကို ရဲစွမ်းသတ္တိအပြည့်နှင့် သစ္စာရှိရှိ၊ တာဝန်သိသိ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင် လက်မှတ်များ ချီးမြှင့်ခံရခြင်း၊ စစ်မြေပြင်ရာထူးတိုးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသည့်အတွက် အမိတက္ကသိုလ်နှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် နည်းပြများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုသို့စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် မိမိတို့ကိုယ်တိုင်လည်း ကြိုးစားကြရမည် ဖြစ်သကဲ့သို့ အစဉ်အလာ ကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် စစ်သည်တော်ကောင်းများ ဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊

တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသက်ပေးကာကွယ်စောင့်ရှောက်ကြရသည့်သူများဖြစ်ခြင်းကြောင့် အချင်းချင်းနှင့် အထက်အောက် သစ္စာစောင့်သိမှုသာလျှင် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရယူနိုင်မည်ဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ်အပါးခြောက်ဆယ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းလိုက်နာပြီး ကျင့်ဝတ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း၊

**အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်**

သူနာပြု တပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ပညာသည်များသည် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မရှိမဖြစ် အရေးပါသောအခန်းကဏ္ဍက ပါဝင်နေသည်ဖြစ်၍ မိမိတို့ သက်ဆိုင်ရာ ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက် အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်သလို သူနာပြုအဓိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်လိုကြောင်း၊

နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့ အချိန်အခါတွင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ရည်ရွယ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ်ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှ အရေးကြီးကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး အကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက တပ်တွင်း စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း၊

ထို့အပြင် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ ပေးခြင်းများသည် တပ်ပြင်စည်းရုံးရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာနယ်မြေအသီးသီးကို ရောက်ရှိချိန်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါ မိမိတို့ တာဝန်ထမ်းဆောင်ရမည့် နယ်မြေအလိုက် ဒေသ၏ အခြေအနေ၊ ဒေသဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိထားရန်လိုအပ်ကြောင်း၊ နယ်မြေခံတပ်ဖွဲ့များနှင့် ဒေသခံများ တစ်သားတည်း ဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊

မိမိတို့ တပ်မတော်သည် စစ်စည်းကမ်းကိုအခြေခံပြီး အမိန့်နာခံတတ်မှုရှိအောင် လေ့ကျင့်ပေးထားသည့် ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်အတွက် အဓိကကျောရိုး မဏ္ဍိုင်ဖြစ်သကဲ့သို့ စစ်သည်တော်ဘဝကို ခံယူထားကြသူများဖြစ်၍ စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကိုသာမက နယ်ဘက် ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည် ဖြစ်ကြောင်း၊ စည်းစနစ်ရှိသည့် တပ်မတော် သားကောင်းများအဖြစ်သာမက သူနာပြုနှင့်ဆေးဘက်ပညာသည်များ ဖြစ်သည့်အတွက် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်လာပါက သာမန်ထက်ပိုပြီး စောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ ထို့အပြင် ဆေးရုံ၊ ဆေးတပ်ဖွဲ့များအပြင် စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရမည် ဖြစ်ခြင်းကြောင့် ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာထားရှိ မွေးမြူသွားကြရမည်ဖြစ်ကြောင်း၊

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည် တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့် နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည် စစ်သည်တော်ကောင်းများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလိုကြောင်း၊

**“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့် ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သူနာပြုကောင်း တစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် အရည်အချင်း ပြည့်ဝသူများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဘက်ပညာရပ်ဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနပြု ရှာဖွေထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်ကနေ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက် ပေးသွားကြရန်၊ သူနာပြု တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုများကို လေးစားအားကျဂုဏ်ယူစိတ်နှင့် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် စစ်သည်တော်ကောင်းများအဖြစ် ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ သက်ဆိုင်ရာသူနာပြုနှင့် ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြပြီး သူနာပြုအဓိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်၊ စည်းစနစ်ရှိသည့် တပ်မတော်သားကောင်းများအဖြစ်သာမက ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာမွေးမြူထားရှိပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည်ကောင်းများ ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချိ မဟာသရေစည်သူ စိုးဝင်းသည် ကျောင်းဆင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချိ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်းအမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ကြည့်ရှုအားပေး**

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်း သူနာပြုများနှင့် အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်အပေါ်သစ္စာရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် အခြေအနေများ၊ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်သူများကိုသာ စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်တန်းမှလေ့ကျင့်သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့စစ်မြေပြင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်သွားကြရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကား ပြောကြားရာတွင် စစ်သည်များသည် နိုင်ငံတော်အလံကို မိမိလက်ဖြင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ ၄ ချက်ကို ရွတ်ဆိုထားသည့် တပ်မတော်သားများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်၊ မိမိရဲဘော်ရဲဘက်များအပေါ် သစ္စာစောင့်သိရန်၊ မိမိမိသားစုများအပေါ် သစ္စာစောင့်သိရန် လိုကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းသည် ပေးအပ်သည့်တာဝန်များအပေါ် ကျေပွန်စွာ အောင်မြင်စွာထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိရဲဘော်များအပေါ် သစ္စာစောင့်သိခြင်းသည် ရဲဘော်စိတ်ဖြစ်သည့် ရဲဘော်အချင်းချင်းအပေါ်တွင် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်ကြောင်း၊ မိသားစုအပေါ် သစ္စာစောင့်သိခြင်းမှာ မိမိကြောင့် မိမိ မိသားစုဂုဏ်သိက္ခာ မကျအောင်၊ မိမိကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် ပြည်သူများ ထိခိုက်နစ်နာမှုမရှိအောင် ပြုမူဆက်ဆံနေထိုင်ခြင်းပင် ဖြစ်ကြောင်း။

**အမြဲထိန်းသိမ်းစောင့်ရှောက်**

တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့် သူများသည် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတစ်ဦးချင်း ရရှိပိုင်ဆိုင်ထားသည့်ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သားတစ်ဦး၏ ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း။

တပ်မတော်သား တစ်ဦးဖြစ်သည်နှင့်အညီ ပေးအပ်လာသည့် တာဝန်များအပေါ် ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထို့ပြင် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုလည်း အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် မြဲ(၃)မြဲနှင့်အညီ အမြဲမပြတ် လေ့လာလေ့ကျင့်လိုက်နာသွားကြရန်နှင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဆိုသည့် ရဲ(၃)ရဲအတိုင်း ရန်သူကို ချေမှုန်းတိုက်ခိုက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်းနိုင်ငံ့သားကောင်းများအနေဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြကြောင်း၊ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းများအနက်မှ အချို့တို့အတွင်း နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

သင်တန်း ဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင်တာဝန်ထမ်းဆောင်ကြရာတွင်လည်း သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချသွားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း လိုက်နာသွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများကို အပြည့်အဝအသုံးချသွားကြရန်လိုကြောင်း။

အလွှာပေါင်းစုံမှ ဝင်ရောက်တာဝန်ထမ်းဆောင်လာကြသူများ ဖြစ်သော်လည်း ယခုအခါ တူညီသော ယူနီဖောင်းကို ဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကိုဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့်သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည်လိုင်းခန်းများအလိုက် ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားပြီး**(အောက်ပုံ)** စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းနှင့် မူကြိုကလေးငယ်များအတွက် အာဟာရဖြည့် ဖြည့်စွက်စာများ တိုက်ကျွေးနိုင်ရန် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာ ကွပ်ကဲမှုအလိုက် တပ်ရင်း/တပ်ဖွဲ့များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန် တာဝန် ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံ သားတိုင်း စစ်ပညာသင်ကြားရန် နှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ထမ်းဆောင်ရန် စိတ်အား ထက်သန်စွာ လာရောက်စာရင်း ပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အမှတ်(၂) တပ်မတော်တန်းမြင့်လေ့ကျင်းရေးကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းတပ်ခွဲကို အားပေးစကား ပြောကြားစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်း ဆင်းပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် များအလိုက် နယ်မြေခံသင်တန်း ကျောင်းအသီးသီးတွင် ကျင်းပ သည်။ အဆိုပါသင်တန်းဆင်းပွဲ များကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက် ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိ သစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်း များအလိုက် သင်တန်းဆင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနား များအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသောနေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူး များနှင့် တာဝန်ရှိသူများက သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ အား တွေ့ဆုံအမှာစကားပြောကြား ကာ ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင် ရေးဘာသာရပ်၊ စစ်ရေးပြဘာသာ ရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊စစ်မြေပြင် အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေ ဘာသာရပ်များကို လည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြား ခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည် ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ် ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှု ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ နိုင်ငံသားများ၏ အခွင့် အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများအနေ ဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြ သည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့ သားကောင်း စစ်သည်များသည် လည်း အဖွဲ့အစည်းဖြင့် စည်းစနစ် ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ် သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့ အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ် အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံ ရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ် သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)တွင် တက်ရောက် ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့်အလေ့အကျင့် ကောင်းများ၊ ယုံကြည်ချက်၊ ခံယူ ချက်များနှင့် သင်တန်းဆင်းပြီး နောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကို လည်း ယခုလိုပဲ ကြားသိရပါတယ်။

၁။ ကျွန်တော်ရရှိတဲ့ဆုကတော့ မိုင်းအကျွမ်းကျင်ဆုံးဆု ရရှိခဲ့ပါ တယ်။ သင်တန်းကာလ တစ်လျှောက်လုံးမှာ သင်တန်း နည်းပြတွေရဲ့ သင်ကြားတဲ့အတိုင်း လိုက်နာ လေ့ကျင့်ခဲ့တဲ့အတွက် ရခဲ့တာဖြစ်ပါတယ်။ မိုင်းအကျွမ်း ကျင်ဆုံးဆုအတွက် စာတွေ့လည်း လေ့ကျင့်ရသလို လက်တွေ့လည်း လေ့ကျင့်ရပါတယ်။ ဒီလို သေသေ ချာချာ လေ့ကျင့်လိုက်နာခဲ့တဲ့ အတွက် ဒီမိုင်းအကျွမ်းကျင်ဆုံး ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် ၆/၂၀၂၄ မှာ ကျွန်တော် ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ စံပြတပ်သားဆု ဖြစ်ပါတယ်။ အခုလို ဆုရရှိခဲ့အောင်လို့ ကျွန်တော် ကြိုးစားခဲ့ရတာတွေက တော့ အများကြီးပါ။ ဆရာသမား တွေရဲ့ သင်ကြားပေးတဲ့ အတတ် ပညာတွေအကုန်လုံးကို ကျွန်တော် ဆည်းပူးသင်ယူတယ်။ ကျွန်တော် အားနေတဲ့ အချိန်မှာလည်း လေ့လာပါတယ်။ မှတ်သားပါ တယ်။ ဆရာတွေရဲ့စကားကိုလည်း ကျွန်တော် တစ်သဝေမတိမ်း နားထောင်ပါတယ်။ ကျွန်တော် မနက်ဆိုလည်း အစောဆုံးထပြီး တော့ ကစ်တွေဘာတွေလည်း အကောင်းဆုံးခေါက်တယ်။ အဲဒီ အတွက်လည်း ကျွန်တော် စံပြ တပ်သားဆုကိုရခဲ့တယ်လို့ထင်ပါ တယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်း ဘဝရဲ့ ကွာခြားချက်ကတော့ အများကြီးပါပဲ။ အရင်ကဆို ကျွန်တော် အချိန်လည်း မလေးစား တတ်ပါဘူး။ စည်းကမ်းလည်း မကောင်းခဲ့ပါဘူး။ အခု ဒီရောက် လာတဲ့အချိန်မှာ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ ဗိုလ်ကြီးများ ရဲ့ သွန်သင်ဆုံးမှုအောက်မှာ ကျွန်တော်အချိန်ကိုလည်း လေးစား တတ်လာသလို စည်းကမ်းလည်း အရမ်း ကောင်းမွန်လာတယ် လို့ ကျွန်တော့်ကိုယ်ကျွန်တော် ထင်မြင်မိပါတယ်။ ပြည်သူ့စစ်မှု ထမ်းသင်တန်းကို တက်ရောက် ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအပေါ် ကျရောက် လာမည့် ဘေးအန္တရာယ်တွေကို ကာကွယ်ချင်တဲ့စိတ် ရှိလို့ပါ။ နိုင်ငံတော်တာဝန်တွေကို ပြည်သူ တစ်ယောက်အနေနဲ့ ထမ်းဆောင် ရတဲ့အတွက် အရမ်းဝမ်းသာမိပါ တယ်။ ကျွန်တော့်နိုင်ငံအပေါ် ကို ကျွန်တော့်အသက်နဲ့ရင်းပြီး ကာကွယ်ပါ့မယ်လို့ ကျွန်တော် ခံယူချက်ထားပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲများပြုလုပ်ခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်(ကြည်း)အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဆင်းပွဲ လေ့ကျင့်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။











ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ အမှတ် (၅၇) ရေတပ်လေ့ကျင့်ရေးတပ်တွင် ပြည်သူ့စစ်မှု ထမ်းသင်တန်းအမှတ်(၆/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အမှတ်(၅)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ













# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၄)ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၂၀၂၄) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုလှိုင်းများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် သက်ရောက်မှု၊ နည်းပညာများ တိုးတက်လာမှုနှင့်အတူ အကြမ်းဖက်အုပ်စုများ၏ နည်းဗျူဟာများ ပြောင်းလဲလာမှု၊ ဒရုန်းများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် AI နည်းပညာအသုံးဝင်မှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား အပြန်အလှန်ဆက်စပ်နေမှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှု၊ နိုင်ငံအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်နေမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။ **(အပေါ်ပုံ)**




### ဆွေးနွေးပြောကြား

ဆက်လက်၍အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အကြမ်းဖက်အုပ်စုများက ကျူးလွန်ခဲ့သော အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး/ ဒဏ်ရာရရှိမှုနှင့် နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားများက အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့များက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသို့ သတင်းဖလှယ်ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေချီးမြှင့်ပံ့ပေးအပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် ကျော်ဇေယျက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဆင်မှု၊ National Counter Terrorism Strategy ရေးဆွဲအကောင်အထည်ဖော်သွားရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့်အချက်များ၊ အတည်ပြုပေးခဲ့သည့်အချက်များ၊ ခွင့်ပြုပေးခဲ့သည့်အချက်များကို သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ၊ လုပ်ငန်းအဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား ဆက်စပ်နေမှုကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး အကြမ်းဖက်မှုများကို ခေတ်နှင့်အညီ တိုက်ဖျက်နိုင်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမြှင့်တင်ရေး၊ အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အမှန်ကို နိုင်ငံတကာက သိရှိစေရန်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျအသုံးပြုရေး၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ငွေကြေးထောက်ပံ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ဆက်နွှယ်နေသော ငွေကြေးစီးဆင်းမှုများကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရေး၊ တားမြစ်ထိန်းချုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၆) နှစ်မြောက် ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ ဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ (၆) နှစ်မြောက် ဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတို့ကို ယနေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဝန်ကြီးဌာန၏ (၆)နှစ်တာကာလအတွင်း နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာစီးပွားဆက်သွယ်ရေးအရှိန်အဟုန်ရရှိရေး အင်တိုက်အားတိုက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ဝန်ကြီးဌာန၏ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဝန်ထမ်းများအတွက် ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆုများရွေးချယ်မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးစီးဆောင်ရွက်ခဲ့ပြီး ဆု ၁၀ မျိုး ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့အား ယုံကြည်စွာအပ်နှံထားသည့် လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန်၊ ဝန်ထမ်းများ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းပြည့်ပြည့်ဝဝဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်နှင့် စံပြဝန်ကြီးဌာနတစ်ခုဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ဝန်ကြီးဌာန၏ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုများရွေးချယ်ခြင်းနှင့် စပ်လျဉ်းသည့် စံသတ်မှတ်ချက်များနှင့် ဆုများချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထူးချွန်စံပြဝန်ထမ်း (အရာထမ်း)ဆု၊ ထူးချွန်စံပြဝန်ထမ်း (အမှုထမ်း)ဆုနှင့် ဌာနခွဲစံပြဆုများ ချီးမြှင့်ပြီး**(ယာပုံ)** ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများက အခြားဆုများ ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဝန်ထမ်းများနှင့်အတူ ညစာသုံးဆောင်ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်သည့်အစီအစဉ်များနှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ နှစ်ပတ်လည်အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ ပညာရေးမိသားစုငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပညာရေးမိသားစုငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်က အ.ထ.က(ထန်းတပင်) ကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က အမှာစကားများပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်က အသင်းသားများ၏ စုဆောင်းငွေများ တိုးမြှင့်စုဆောင်းနိုင်ရေး၊ အသင်းသားများသို့ ထုတ်ချေးငွေများ မြှင့်တင်နိုင်ရေးနှင့်အသင်းရေရှည်တည်တံ့နိုင်ရေးကို ရှေးရှုဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကိုဖတ်ကြားတင်ပြကြပြီး ပညာရေးသမဝါယမအသင်း၏ အသင်းသား ၅၃၃ ဦးတို့၏ စုဆောင်းငွေပေါ်အတိုးရငွေ၊ အသင်းသားပံ့ပိုးငွေနှင့် အစုပေါ်အမြတ်ငွေကျပ်စုစုပေါင်း ၉၁၉၇၇၉၈ ဒသမ ၈၈ ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်၊ သဘာပတိဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က အသင်းသားများထံ ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# သင်ခန်းစာများနှင့် ပထဝီနိုင်ငံရေးအခြေအနေကို ရှုမြင်၍ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ကြပါစို့

**ကိုရေချမ်း**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းထောင်ချီကတည်းကပင် အတူလက်တွဲ၍ ရင်းနှီးချစ်ခင်စွာ စုပေါင်းနေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း အေးအတူ၊ ပူအမျှ စိတ်ဝမ်းမကွဲပြားဘဲ ကူးလူးဆက်နွှယ် ဆက်ဆံခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့သည့်အချိန်တွင် တိုင်းရင်းသားမျိုးချစ်များ အတူလက်တွဲ၍ ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်ခဲ့ကြသည်။ ဤသို့သော စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာတည်ရှိနေမှုကို သက်သေအမျိုးမျိုးပြနိုင်ခဲ့သည်။

လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင်လည်း တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် နိုင်ငံပြန်လည်လွတ်မြောက်ရေးအတွက် စွန့်လွှတ်စွန့်စား၊ ဓွဲ၊ လုံ့လ၊ သတ္တိများဖြင့် အတူလက်တွဲပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှု၊ သွေးချင်းထပ်တူမှုတို့ကို ပြသနိုင်ခဲ့သည်။ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီး မျက်မှောက်ကာလတွင် ရှေးဘိုးဘွားဘီဘင်များ သွေးနှင့်ရင်းပြီး ရယူပေးထားသည့် လွတ်လပ်ရေးအမွေအနှစ်များ ပျက်စီးပျောက်ဆုံးမသွားစေရန်အတွက် တိုင်းရင်းသားလူမျိုးအားလုံးက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ နိုးကြားထက်သန်နေအောင် ပျိုးထောင် ထားကြရမည်ဖြစ်သည်။



အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သော ရက်စက်ယုတ်မာသည့်လုပ်ရပ်များအား ပြည်သူလူထုက လက်မခံဘဲ ၂၀၂၄ ဩဂုတ် ၆ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့၌ ကန့်ကွက်ရှုတ်ချကြစဉ်။

**❝ ယနေ့ဖြစ်ပေါ်နေသော ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများက လက်ရှိအစိုးရနှင့် တပ်မတော်ကို အကြောင်းပြု၍ ပေါ်ပေါက်နေခြင်းမဟုတ်ပေ။ ကိုလိုနီ နယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများဖြစ်သည်။ သောင်းကျန်းသူအမွေအဆက်ဆက်ကို ပြောင်းလဲဆက်ခံပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းနေကြသူများဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် လစ်ဘရယ်ဝါဒလွှမ်းမိုးစေလိုသည့် ပြည်ပနိုင်ငံကြီးအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများက အကြမ်းဖက်လမ်းစဉ်ကို အကောင်အထည်ဖော်နေကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိသည်ကို တွေ့ရသည် ❞**

**သင်ခန်းစာယူစရာများ**

အဘယ်ကြောင့်ဆိုသော် မျက်မှောက်ကာလတွင် တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဖန်တီးနေသည့် အခြေအနေအရပ်ရပ်တို့ ရှိနေသည်ကို သတိချပ်ရမည်ဖြစ်သည်။ အတိတ်ကာလက မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားစေသည့် အကြောင်းရင်းများကို သိရှိကြပြီးဖြစ်မည်။ ကိုလိုနီနယ်ချဲ့တို့သည် M.M.M ဟု ဆိုကြသည့် (merchant) ကုန်သည်များ၊ (missionary) သာသနာပြုအဖွဲ့၊ (military) စစ်ရေးဆိုင်ရာနည်းလမ်းများဖြင့် ဝင်ရောက်စွက်ဖက်ကျူးကျော်ခဲ့ကြသည့် သမိုင်းမှတ်တမ်းများရှိသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်း၏ သင်ခန်းစာယူစရာအချက်များဖြစ်သည်။

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်၏ နည်းလမ်းဗျူဟာများမှာ ထို့ထက်မက ပိုမို ကြီးမားကျယ်ပြန့်လာသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေး၊ လူ့အခွင့်အရေး၊ သံတမန်ရေး၊ စစ်ရေးစသည့် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့် ခေတ်သစ်နယ်ချဲ့စနစ် ဖန်တီးနေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ စစ်အေးလွန်ကာလ မျက်မှောက်ကမ္ဘာ့အခြေအနေတွင် ပထဝီနိုင်ငံရေးနှင့် အဂ္ဂမဟာဗျူဟာများအရ လေ့လာစရာ များစွာရှိသည်။ ကမ္ဘာ့နိုင်ငံများ၏အခြေအနေကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများ၏ အဂ္ဂမဟာဗျူဟာများသည် စိတ်ဝင်စားဖွယ်ကောင်းသလိုကြောက်မက်ဖွယ်ရာများလည်း ပါဝင်သည်။ ခေတ်သစ်နယ်ချဲ့စနစ်အတွက် ရာစုနှစ်တစ်ခုအတွင်း စိတ်ရှည်ရှည်ဖန်တီးထားသည့် ဆယ်စုနှစ်စီမံကိန်းများရှိသည်။

**မဟာဗျူဟာများ**

ကမ္ဘာပေါ်တွင် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် ယခုမှဖြစ်ပေါ်လာသော အခြေအနေ၊ အခန့်မသင့်၍ ဖြစ်ပေါ်လာသော အခြေအနေမျိုး မဟုတ်ပေ။ ကမ္ဘာ့အင်အားကြီးနိုင်ငံကြီး၏ ရာစုနှစ်ဝက်မက ကာလကတည်းက ချမှတ်ထားသည့် နိုင်ငံရေးမဟာဗျူဟာ သို့မဟုတ် နိုင်ငံရေးစီမံကိန်းများဖြစ်သည်။ လတ်တလော မြန်မာ့နိုင်ငံရေး အခြေအနေကိုပင် ၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီ၏ မဲမသမာမှုကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဟု ဆိုရမည့်အစား ၂၀၂၁ ခုနှစ်၌ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းရယူခြင်းကြောင့် ဖြစ်လာရသည်ဟု စွပ်စွဲခဲ့ကြသည်။ အထူးသဖြင့် အကြမ်းဖက် NUG နှင့် လက်ဝေခံ PDF တို့၏ ခံယူချက်အဖြစ် တွေ့မြင်နိုင်သည်။ အမှန်တကယ်တွင် ဆယ်စုနှစ်များစွာကတည်းက ချမှတ်ထားသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီး၏ အဂ္ဂမဟာဗျူဟာများနှင့် မကင်းနိုင်ပေ။ မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်နေသည့် အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးအပ်ထားသည့် Burma Act ကဲ့သို့ နှစ်စဉ်ထောက်ပံ့ပေးအပ်ထားသော ငွေကြေးများက သက်သေပင်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် နယ်ပယ်အသီးသီးသို့ စီးဝင်ခဲ့သော အထောက်အပံ့များသည် နိုင်ငံတော်ကို ဆန့်ကျင်ဖျက်ဆီးနိုင်ရန်အတွက် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

၂၀၂၁ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်လိုက်သည့် အခြေအနေနှင့် ယနေ့ကာလ မြန်မာပြည်အစိတ်စိတ်အမွှာမွှာ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဖြိုခွဲရေး အဖျက်စီမံကိန်းသည် တိုက်ဆိုင်မှုတော့ မဟုတ်ပေ။ ၂၀၂၂ ခုနှစ် မတိုင်မီကာလများကတည်းက ရေးဆွဲထားသော အဂ္ဂမဟာဗျူဟာ စီမံကိန်းများဖြစ်သည်။ အဓိကမှာ သွေးခွဲရေး မဟာဗျူဟာနှင့် မီဒီယာနည်းဗျူဟာဖြစ်သည်။ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရနှင့် တပ်မတော်အပေါ် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောကွဲလွဲသူအသီးသီးတို့က ဘုံရန်သူသဖွယ် နှောင့်ယှက်တိုက်ခိုက်မှုများတွင် ပြည်ဖျက်မီဒီယာအားနှင့် အကျပ်အတည်းဖြစ်အောင် ဆောင်ရွက်နေမှုများလည်း ပါဝင်သည်။

**မီဒီယာလက်နက်**

နိုင်ငံတော်ကို ဖြိုခွဲဖျက်ဆီးနေသူ၊ ဆန့်ကျင်တိုက်ခိုက်နေသူ အကြမ်းဖက်သောင်းကျန်းသူများအားလုံး၏ ရည်ရွယ်ချက်ကို လမ်းလွှဲပြီး စစ်အာဏာရှင်ကို တော်လှန်နေသူများဖြစ်ကြောင်း အလုံးအရင်းဖြင့် ပုံဖော်နေကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ အတွေ့အကြုံရင့် ပြည်ပအထောက်အပံ့ခံများဖြစ်သည့် မီဒီယာကြီးများက အမှန်သတင်းတစ်စိတ်တစ်ပိုင်း၊ ဝေဝါးသတင်းတစ်ပုံတစ်ပင်ဖြင့် အစိုးရနှင့် တပ်မတော်ကို ပါးပါးပုတ်ခတ် ဝေဖန်တိုက်ခိုက်ကြသည်။ ဧရာဝတီ၊ မဇ္ဈိမ၊ ခေတ်သစ် အနက်ရောင်မီဒီယာများက အမှန်တရားနှင့် ကင်းကွာ၊ အမှားရောပွမ်းနေသည့် လုပ်ကြံသတင်းများ၊ သတင်းတု၊ သတင်းယောင်များဖြင့် အစိုးရနှင့် တပ်မတော်အပေါ် နေ့စဉ်ရက်ဆက်အချိန်ပြည့် ပုတ်ခတ်တိုက်ခိုက်နေကြသည်ကို ကြားသိကြရမည်ဖြစ်သည်။ အမှားကြာလျှင် အမှန်ဖြစ်ဆိုသကဲ့သို့ မမှန်သတင်းများ ပြည်သူလူထုကြားတွင် ပျံ့နှံ့နေသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် အန္တရာယ်ဖြစ်စေသည်။

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များကလည်း မီဒီယာကို လက်နက်သဖွယ် အသုံးပြုပြီး တပ်မတော်ကြီး ပြိုကွဲနေသယောင်၊ တိုင်းပြည်ကြီး ပြိုကွဲတော့မယောင် ပြည်သူလူထုကို စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ပြီး ပြည်ဖျက်မီဒီယာများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းဆောင်ရွက်နေကြသည်။ အစိုးရနှင့် တပ်မတော်ကို စစ်ရေးအင်အား၊ မီဒီယာအင်အားဖြင့် ဖိနင်းလာကြသည်။ ဖော်ပြပါ ပြည်ဖျက်မီဒီယာများအားလုံးသည် အနောက်နိုင်ငံကြီး၏ အထောက်အပံ့ခံ အနောက်အခြေစိုက် ကိုလိုနီလက်သစ် ဒီမိုကရေစီ လစ်ဘရယ် အစွန်းရောက်ဝါဒသမားများ၏ လက်ကိုင်တုတ်များဖြစ်နေသည်မှာ တိုက်ဆိုင်၍တော့ မဟုတ်ပေ။ ဆယ်စုနှစ်များစွာကတည်းက မဟာဗျူဟာ ချမှတ်ထားသော အစီအစဉ်များဖြစ်သည်။

**အကြမ်းဖက်စနက်**

**ယနေ့ဖြစ်ပေါ်နေသော ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများက လက်ရှိအစိုးရနှင့် တပ်မတော်ကို အကြောင်းပြု၍ ပေါ်ပေါက်နေခြင်းမဟုတ်ပေ။ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ဖြစ်**

**❝ တပ်မတော်သည် သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်တွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရန် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်၍ အသက်သွေးချွေးများပေးဆပ်ပြီး ကာကွယ်ပေးခဲ့သည်မှာ ယနေ့ကာလအထိပင်ဖြစ်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။ ၎င်းတို့၏ စွန့်လွှတ်စွန့်စားမှုများကို ဘယ်သောအခါမှ မေ့ပျောက်၍ မရနိုင်သလို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးကျူးဂုဏ်ပြု ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသည်သာဖြစ်သည် ❞**

**ပ်**

သည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ ဖြစ်သည်။ သောင်းကျန်းသူအမွေအဆက်ဆက်ကို ပြောင်းလဲဆက်ခံပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းနေကြသူများဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် လစ်ဘရယ်ဝါဒ လွှမ်းမိုးစေလိုသည့် ပြည်ပနိုင်ငံကြီးအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများက အကြမ်းဖက်လမ်းစဉ်ကို အကောင်အထည်ဖော်နေကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်းရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိသည်ကို တွေ့ရသည်။

အနောက်ကိုလိုနီလက်သစ် လစ်ဘရယ် မဟာဗျူဟာအရ ၂၀၁၅-၂၀၂၀ အစိုးရလက်ထက် တပ်မတော်နှင့် အရပ်ဘက် သိသိသာသာကွဲထွက်သွားအောင်သွေးခွဲခြင်း၊ တပ်နှင့်ပြည်သူ ရန်တိုက်ပေးခြင်း၊ နိုင်ငံရေးပွတ်တိုက်မှု ကြီးကြီးမားမားဖြစ်လာအောင် အနုပညာ၊ စာပေ၊ ဟောပြောပွဲ၊ မီဒီယာ၊ ဆိုရှယ်နက်ဝပ်များ ဖန်တီးပေးခဲ့ခြင်း၊ နိုင်ငံတော်အာဏာကို မထိန်းမဖြစ် ထိန်းလာအောင် ကြိုတင်ကြံစည်ဆောင်ရွက်ခြင်း၊ မဲမသမာမှုများ၊ နိုင်ငံတော်အာဏာကို အဓမ္မရယူမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်ကိုထိန်းသိမ်းလိုက်သဖြင့် လူငယ်အချို့ကို လက်နက်ကိုင်သောင်းကျန်းသူများထံတွန်းပို့ပြီး အင်အားတိုးအောင်ကြိုတင်ကြံစည်ခြင်း၊ လက်နက်ခဲယမ်း၊ ရိက္ခာ၊ အသုံးအဆောင်များကို ကြိုတင်စုပုံထားခြင်းတို့သည် တိုက်ဆိုင်မှုတော့မဟုတ်ပါ။ ရည်ရွယ်ချက်ရှိရှိ၊ မဟာဗျူဟာကျကျ စနစ်တကျ ကြိုတင်ဖန်တီးထားခြင်းသာဖြစ်သည်။

**လက်ပိုက်ကြည့်မနေ**

အကြမ်းဖက်သောင်းကျန်းသူများ တိုက်ပွဲဖော်ဆောင်မှုများကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကလေးလူငယ်များ၏ ပညာရေးများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများ မည်သို့မျှ အိပ်မက်မက်ခွင့်မရဘဲ ဆိတ်သုဉ်းသွားမှာ စိုးရိမ်မိပါသည်။ အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်များ၏ စစ်ဘုရင်ဝါဒ ပြန်လည်ကြီးစိုးလာမှုနှင့်အတူ ဒေသခံပြည်သူများ ရှေးယခင်စစ်ဘုရင်ဝါဒကြီးစိုးခဲ့သည့် ဒေသများကဲ့သို့ ဥပဒေမဲ့အနိုင်ကျင့်ခံရမှုများ၊ တရားမဲ့သတ်ဖြတ်ခံရမှုများ၊ မှန်ကန်သည့် စီးပွားရေးလုပ်ငန်းများနေရာတွင် မူးယစ်ဆေးဝါးနှင့် လောင်းကစားလုပ်ငန်းများ၊ လူငယ်များ စာအုပ်နှင့်ဘောပင် ကိုင်ရမည့်အစား လက်နက်များကိုင်ဆောင်ရင်း ရှင်သန်ကြရမည့်ဘဝများ၊ အလင်းထဲမှ အမှောင်ထဲရောက်ကြရမည့် အခြေအနေများကို စိုးရိမ်မိပါသည်။ ထိုသို့ အခြေအနေဆိုးမျိုးကို ဒေသခံပြည်သူများ ရောက်လိုမှာ မဟုတ်သလို တပ်မတော်အနေဖြင့် အဆိုပါ အခြေအနေဆိုးမျိုးရောက်မည်ကို လက်ပိုက်ကြည့်နေမည် မဟုတ်ဟု ယုံကြည်ပါသည်။

တပ်မတော်သည် သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်တွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရန် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်၍ အသက်သွေးချွေးများပေးဆပ်ပြီး ကာကွယ်ပေးခဲ့သည်မှာ ယနေ့ကာလအထိပင်ဖြစ်သည်။ ယနေ့အချိန်တွင် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံး၊ ပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ မိသားစုဝင်များအတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။ ၎င်းတို့၏စွန့်လွှတ် စွန့်စားမှုများကို ဘယ်သောအခါမှ မေ့ပျောက်၍ မရနိုင်သလို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးကျူးဂုဏ်ပြုကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသည်သာဖြစ်သည်။

**ကာကွယ်စောင့်ရှောက်**

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြသူများအားလုံးသည် ရှေးကာလက လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြသည့် သူရဲကောင်းများကဲ့သို့ပင် တန်ဖိုးရှိသော ပြည်သူ့သားကောင်းရတနာများပင် ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း ခေတ်အဆက်ဆက် ပေါ်ပေါက်လာသည့် ပြည်ပကျူးကျော်သူ၊ ပြည်တွင်းသောင်းကျန်းသူ အမျိုးမျိုး၏ဒဏ်ကို တပ်မတော်နှင့်လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြသူများဖြစ်သည်။ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့သလို ထပ်မံကြုံတွေ့လာမှုများကို ရင်ဆိုင်ဖြတ်ကျော်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။ တပ်မတော်နှင့်ပြည်သူ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်လျှင် ရန်စွယ်အန္တရာယ်မှန်သမျှကို ကျော်လွှားနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် မျက်မှောက်ကာလ ကမ္ဘာ့ရေးရာအခြေအနေများသည် အလွန်နက်နဲရှုပ်ထွေးလာပြီး ကိုလိုနီနယ်ချဲ့လက်သစ် လစ်ဘရယ်အစွန်းရောက်ဝါဒ၏ အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာကို ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် မှန်ကန်စွာရှုမြင်သုံးသပ်ကြည့်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်းအမျိုးသားသစ္စာဖောက်များ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ နည်းဗျူဟာများကို သိအောင်လေ့လာကာ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီးမပြိုကွဲအောင် တပ်မတော်နှင့်အတူ လက်တွဲ၍ ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## လွိုင်လင်မြို့၌ ဆောင်းသီးနှံနေကြာစိုက်ပျိုးဖြစ်ထွန်း



လွိုင်လင် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု တောင်သူ ဦးစိုင်းဝမ်း၏ ဧရိယာ တစ်ဧကရှိ ယာမြေပေါ်၌ မိုးသီးနှံအစေ့ထုတ်ပြောင်း စိုက်ပျိုးရိတ်သိမ်းပြီး ဆောင်းသီးနှံ နေကြာ (ဆင်းရွှေကြာ-၂) သီးထပ်စိုက်ပျိုးအောင်မြင်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

လွိုင်လင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မြင့်၊ ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန စစ်ဆေးရေး အဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်သူရချို၊ ခရိုင်မြေစာရင်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုင်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ တာဝန်ရှိဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ လွိုင်လင်မိုး



(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်က ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပစဉ်။ ဒီပါလင်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး



ပဲခူး ဒီဇင်ဘာ ၂၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။** (ယာပုံ)

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် လက်ပံတန်း-မိုးညို ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲခင်းရိတ်သိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လက်ပံတန်းမြို့နယ် ဗောဓိပင်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေသခံတောင်သူများက တိုင်းအစိုးရအဖွဲ့၏ မျိုးကောင်းမျိုးသန့် ပြောင်းလဲပေးမှုကြောင့် မတ်ပဲပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် သီးခြားလိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာထိပ်၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မူလရေကာတာဟောင်း ပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့မှုနှင့် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး အုန်းကုန်းကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနသြဝါဒါစရိယ ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂမုန်းချောင်းပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဒလက်(Water Wheel) တပ်ဆင်၍ ရေပေးဝေထားရှိမှုကြောင့် အောင်မြင် ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက် ၅၆ ဧက စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသရုပ်ပြစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားတက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၂၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(ပုဂ္ဂလိက)ဖြင့် ဆောင်ရွက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသရုပ်ပြစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အောင်သာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေး သံမှူး Mr. Ouyang Daobing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စီမံကိန်းတွင် ပေ ၅၀၀ အနက်တွင်ရှိသည့် မြေအောက်ရေကိုရယူပြီး ရေစစ်ကန်အတွင်း ဖြတ်သန်းသန့်စင်ကာ အမြင့်တင်ရေစင်ဖြင့် ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးသည့်စနစ်ကို တည်ဆောက်ထားခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၃၀၊ လူဦးရေ ၁၈၇၂ ဦးနှင့် ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာရေရရှိရေးလုပ်ငန်း ပုံမှန်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ လိုအပ်သည့် အစီအမံများ၊ ရန်ပုံငွေကောက်ခံရေးအစီအမံများကို ရေးဆွဲဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော် ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာကိုယ်စားလှယ်ထံ စီမံကိန်းဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်၊ နေပြည်တော် ကောင်စီဝင်၊ SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌတို့က စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အမြင့်တင်ရေစင်၊ ရေသန့်စက်ရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်တို့က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များပက်ဖျန်းပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉)တို့မှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉)တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန် ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်း တာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၇

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ်၊ ၅၆/၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန်၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ပြည်တွင်းဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစုရရှိရေးကို ဖော်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်ရန်၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ ရည်ရွယ်ချက်ကောင်းများကိုအခြေခံပြီး လုပ်ငန်းတာဝန်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ လယ်ယာသားငါး ထုတ်ကုန်များ ထုတ်လုပ်မှုမြှင့်တင်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ဆွဲဆောင်နိုင်သည့် မူဝါဒများချမှတ်ခြင်း၊ လယ်ယာစီးပွား (Agri-business) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေးလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်တိုးတက်လာသည့် နိုင်ငံ့လူဦးရေ၏ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း။

သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း Agro Base Industry နိုင်ငံဖြစ်အောင် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကိုလည်း သုတေသနလုပ်ငန်းများ အကြိမ်ကြိမ် ဆောင်ရွက်ပြီးလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နွေစပါးဧက သုံးသန်းခန့် မိုးစပါးဧက ၁၅ သန်းခန့် စုစုပေါင်း စပါးစိုက်ဧက ၁၈ သန်းခန့်ရှိကာ သီးထပ်စွမ်းအားတိုးတက်အောင် ထပ်မံဆောင်ရွက်နိုင်မည်ဆိုပါက တစ်နှစ်လျှင် ဧကသန်း ၃၀ ကျော်ခန့် စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ စပါးထွက်ရှိမှု ၂၀၀ ရာခိုင်နှုန်းဖြစ်၍ နိုင်ငံတော်အတွက် ဆန်စပါးဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြစ်သော အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

မွေးမြူရေးကဏ္ဍ အနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ နို့စားနွား၊ အသားစားနွားများ တိုးချဲ့မွေးမြူရေးအတွက် လိုအပ်သော နည်းပညာ၊ မျိုး၊ တိရစ္ဆာန်အစာနှင့် သားပေါက် ထုတ်လုပ်ခြင်းတို့ကိုလည်း ပြည်တွင်း၌ လုံလောက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း၊ သမားရိုးကျ မွေးမြူခြင်းမှ လှောင်မွေးစနစ်၊ ရိတ်ကျွေးစနစ်အထိ ပြောင်းလဲဆောင်ရွက်နိုင်ရန် လက်ရှိ ဖော်ထုတ်ပြီးသည့် မွေးမြူရေးဇုန်များကို စနစ်တကျ အဆင့်မြှင့်တင်ခြင်းနှင့် မွေးမြူရေးဇုန်အသစ်များထပ်မံဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပေးသော အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်မှု (MSMEs) များအတွက် အဓိကအခြေခံလျှပ်စစ်မီးရရှိရေး၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် MSMEs များမှ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းများ မြှင့်တင်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်းပြောကြားလိုကြောင်း။

တိုးတက်ထုတ်လုပ်လိုက်သည့် သီးနှံသားငါးများ ဈေးကွက်ရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ကန်ထရိုက် လယ်ယာစနစ်ကို ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအတွက် လိုအပ်သော အရင်းအနှီးဈေးကွက်များကို တစ်ပါတည်း ရရှိစေမည်ဖြစ်၍ အောင်မြင်အောင် တိုးချဲ့ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ကွင်းဆက်လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားပြီး အပြန်အလှန်အထောက်အကူပြုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလားတူ လုပ်ငန်းအမြန်တိုးတက်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အကြံဉာဏ်ကောင်းများ၊ နည်းလမ်းကောင်းများကို အကြံပြုပေးကြရန်နှင့် သင့်တော်ကောင်းမွန်သည့် နည်းလမ်းနှင့် စနစ်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ် ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များနှင့် ထပ်မံဖွဲ့စည်းရမည့် ကော်မတီများနှင့်ပတ်သက်၍ အကြံပြုတင်ပြရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များအား တတိယအကြိမ်မြောက် ချီးမြှင့်ငွေများပေးအပ်

**လှိုင်ကော် ဒီဇင်ဘာ ၂၇**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်းရှိထိခိုက်လွယ်အုပ်စုဝင်များအား တတိယအကြိမ်မြောက် ချီးမြှင့်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လှိုင်ကော်မူလတန်းကြို ကျောင်း၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ကော်မတီဝင်များက ထိခိုက်လွယ်အုပ်စုဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။



အခမ်းအနားတွင် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်ကြသည့် အသက်(၃)နှစ်အောက်ကလေး ၁၅၃ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦး၊ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၁၁၁ ဦး စုစုပေါင်း ၂၈၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၈၅ သိန်း ငါးသောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇** – မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၇

**၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ တက်ရောက်ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကကြီးများ၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် အချိန်အနည်းငယ်သာကျန်ရှိခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ အခမ်းအနားကို ယခင်နှစ်ထက် ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးအကဲဖြတ်အဖွဲ့အနေဖြင့် ဆုများရွေးချယ်ရာတွင် စနစ်တကျရွေးချယ်၍ ရသင့်ရထိုက်သူများရရှိစေရန်ဆောင်ရွက်ကြစေလိုကြောင်း၊ ရွှေကြိုရွေးချယ်ရေးနှင့် ပတ်သက်၍ အချက်အလက်များကို ဘက်ပေါင်းစုံမှ ကြည့်ပြီး ရွေးချယ်ကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးအကဲဖြတ်အဖွဲ့အနေဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင် ပြည်သူများ၏ သဘောထားအမြင်ကိုလည်း လေ့လာသုံးသပ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်သင့်ပါကြောင်း။

အခမ်းအနားကျင်းပရာတွင် လစ်ဟာမှုမရှိစေရန် ကြိုတင်စီမံပြီး သတ်မှတ်အချိန်ဇယားအတိုင်း စည်းကမ်းတကျဆောင်ရွက်ကြစေလိုကြောင်း၊ အခမ်းအနားသို့ တက်ရောက်မည့် အနုပညာရှင်များကိုလည်း သတ်မှတ်ထားသည့်အချိန်၊ သတ်မှတ်ထားသည့်နေရာသို့ ရောက်ရှိနိုင်ရေး ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ ယမန်နှစ်ကထက် အခမ်းအနား အပြင်အဆင်၊ တင်ဆက်မှုအပိုင်းများတွင် ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းတီထွင်ကြံဆမှုများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ပြည်သူများ အဆင်ပြေချောမွေ့စွာကြည့်ရှုနိုင်ရန်အတွက် တိုက်ရိုက်ထုတ်လွှင့်မှု(Live)အစီအစဉ်များကိုလည်း အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) ၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ "ပဒေသာကပွဲ" ဖြင့် နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဖျော်ဖြေမည့် တေးသီချင်းများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းမှ မိနစ် ၃၀ ကြာ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်တွင် "ဖွေးတုတ်"၊ "တောင်ယာဝင်ချိန်" ၊ "ရိုးရာမပျက်တဲ့မြေ"၊ "ရိုးရှင်းသောဘဝ"၊ "မောင်တို့ချယ်ရီမြေ"၊ "အလှသစ္စာတရား"၊ "ရွှေအိုးစည်" စသည့် သံစဉ်များနှင့် တေးသီချင်းများ တီးမှုတ်သီဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမတေးသွား၊ တေးသီချင်းများနှင့် သံစဉ်တီးလုံးများကို တီးခတ်ပြသမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အကြံပြုဆွေးနွေးပြောကြားပြီး နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အဆိုပညာရှင်ဝန်ထမ်းများအား ဆုငွေချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ နိုင်ငံတော်သံစုံတီးဝိုင်းသည် နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်ပဧည့်သည်တော်များအတွက် ဂုဏ်ပြုဧည့်ခံပွဲများနှင့် ပြည်ပခရီးစဉ်များတွင် သွားရောက်ဖျော်ဖြေတင်ဆက်နိုင်ရန် စုဖွဲ့လေ့ကျင့်လျက်ရှိရာ ယခုအခါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှုဖြင့် ကြိုတင်ပြင်ဆင် လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**




တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်၏ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေး အဖွဲ့ဝင်များသည် ပညာရေးအဖွဲ့ အစည်းအဝေး ကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ)ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသောအဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါး မဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှု ဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ ရရှိသူတို့အား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ရှိ စာပေသင်ကြားရေး ဆိုင်ရာ အရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများ ရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြု မဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့ လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်မှ သင်တန်းဆင်းအထက်တန်း သူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှု သင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါ အထူးကြပ်မတ်ကုသမှု သင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြု မဟာသိပ္ပံဘွဲ့ သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့် ဆုရပြိုင်ပွဲဝင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တည်းခိုနေထိုင်ရေးနှင့်ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဆုရပြိုင်ပွဲဝင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် အရာရှိကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ အရာရှိကြီးများ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားအဖွဲ့များ၊ အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်/ ဂျူရီများ၊ ဖွင့်ပွဲ/ ပိတ်ပွဲများတွင် ဖျော်ဖြေသည့် ကျောင်းသား ကျောင်းသူများ၊ အထောက်အကူပြု အဖွဲ့များ စုစုပေါင်းအင်အား တစ်သောင်းကျော်အတွက် တည်းခိုနေထိုင်ရေး နှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဆပ်ကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ အနိုင်အရှုံးကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အားကစားသမားများအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ နောင်လာမည့် အားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ စည်းလုံးညီညွတ်မှုဖြင့် ဝန်ကြီးဌာန၏ အားကစားကဏ္ဍ အောင်မြင် ထွန်းပေါက်စေရေး အတွက် ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်တည်းခိုနေထိုင်ရေး နှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီး ဦးဖြိုးဇော်စိုးက လုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် ကိစ္စရပ်များ၊ အားကစားနည်း အလိုက် အောင်မြင်တိုးတက်ခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ပံ့ပိုး ဆောင်ရွက်ပေးခဲ့သူများ၊ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် နည်းပြနှင့် အားကစားသမားများ၊ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားတွင် တည်ခင်း ဧည့်ခံခဲ့သော ရွှေနန်းတော်ဟိုတယ်၊ ဟိုတယ်မက်စ်နှင့် ရှိုင်ရယ်မင်္ဂလာ စားသောက်ဆိုင်တို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

ထို့နောက် တည်းခိုနေထိုင်ရေး နှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ပံ့ပိုးဆောင်ရွက် ပေးခဲ့သူများ၊ ဆုရအားကစား သမားများနှင့် နည်းပြ၊ အုပ်ချုပ် သူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွဲ့ကပင်တောင်ခြေလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် လုမ္ဗိနီဥယျာဉ်အဝင် မုခ်ဦးမှ ဖွဲ့ကပင်တောင်ခြေလမ်း ကတ္တရာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပ သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်သြဝါဒါစရိယ ဖွဲ့ကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဇဟုဇနဟိတရေ ဓမ္မကထိက၊ ဘဒ္ဒန္တကဝိဓဇ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံမြို့နယ် လုမ္ဗိနီဥယျာဉ်အဝင်မုခ်ဦးမှ ဖွဲ့ကပင် တောင်ခြေလမ်း ကတ္တရာကွန်ကရစ်လမ်းကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအားကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင် ပြည်နယ်သည် ပြည်တွင်းပြည်ပမှ ဘုရားဖူးခရီးသွား ဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ကြသည့် ဒေသတစ်ခုဖြစ်သည့်အတွက် လမ်းပန်း ဆက်သွယ်ရေးနှင့် ဘက်ပေါင်းစုံကောင်းမွန်ပြည့်စုံမှုရှိစေရန်လိုကြောင်း အမှာစကားပြောကြားသည်။



တော်ပုံကျေးရွာအုပ်စု လုမ္ဗိနီဥယျာဉ်အဝင် မုခ်ဦးမှ ဖွဲ့ကပင်တောင်ခြေလမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၃၅ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ လမ်းအရှည် ၄ ဒသမ ၃ဖာလုံအား ပေ ၂၀ အကျယ်လမ်းနှင့် နှစ်လမ်းသွား ၁၆ ပေအကျယ်ကို ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးဖြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့်ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် ကရင်နီနယ်စပ် မိုးဖြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု သတင်းအမှားများ ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့တွင် အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ပြည်သူများနေထိုင်ရာ နယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရှုရှာစက်ဆုပ်ဖွယ်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

Happy Water ၂ ဒသမ ၆၇ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၆ နာရီတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူများဖြစ်သည့် နိုင်နိုင်ဝင်း(ခ)ရက်ဖီးနှင့် တင်ထွန်းနိုင်တို့အား ပဲခူးမြို့ ရပ်ကွက်ကြီး(၆)၊ ဗိုလ်အောင်ကျော်လမ်းရှိဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့မှ ပဲခူးမြို့သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ပွဲကိုထိန်းချုပ်ကစားထားနိုင်သည့် လီဗာပူးအသင်းသည် ပွဲကစားချိန် ၈၂ မိနစ်တွင် တတိယဂိုးရရှိခဲ့ပြီး အသင်းအဓိက တိုက်စစ်ကစားသမား ဆာလာက သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၄၂ မှတ်ရရှိကာ ဒုတိယနေရာမှ ချယ်ဆီးအသင်းထက် ၇ မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်လက်စတာအသင်းက ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် ပွဲစဉ် (၁၈) အပြီးတွင် ရမှတ် ၁၄ မှတ်သာ စုဆောင်းရရှိထားသေးသောကြောင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

ထို့ကြောင့် လက်စတာအသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် လာမည့်ပွဲစဉ်များတွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။ **အောင်ဇော်**

## မြင်းခြံ၌ စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းသိကောင်းစရာ ဟောပြော

**မြင်းခြံ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ရှိအစည်းအဝေးခန်းမ၌ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေ အကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်သည်။

ဟောပြောဆွေးနွေးပွဲတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းစိုးက အပြည်ပြည်ဆိုင်ရာ စားသုံးသူ ကာကွယ်ရေး စံသတ်မှတ်ချက်များ၊ ကမ္ဘာ့သမိုင်းတွင် စားသုံးသူကာကွယ်ရေး လုပ်ငန်းများဖြစ်ပေါ်တိုးတက်လာမှုအခြေအနေများ၊ အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီနှင့် ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းထားရှိမှု၊ ကုန်စည်နှင့်ဝန်ဆောင်မှုတို့နှင့် ပတ်သက်၍ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူများ ထိခိုက်နစ်နာမှုများရှိပါက တိုင်ကြားနိုင်ခွင့်ရှိသည့် အခြေအနေများ ရှင်းလင်းဆွေးနွေး သည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည် များ မေးမြန်းဆွေးနွေးရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးသည်။

ဟောပြောဆွေးနွေးပွဲသို့ မြင်းခြံခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ကျောင်းဈေး အရောင်းဆိုင်ရှင်များ တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မှူးယစ်ဆေး**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်း ခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် မေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း (၅)ပုဒ် ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက်၊ အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင်ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍အဖြေကို တိကျစွာဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုမေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅)မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅) အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်း နံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>(ခ) အဖြေမှန်ရွေးချယ်<br>(ဂ) ကွက်လပ်ဖြည့် | (၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ ) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ ) မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရန်နှင့် အမှတ်ကောင်းရရှိစေရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁–က)** ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်အတွက် မှားသည်(သို့) မှန်သည်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်း ပြန်ရေးရန်မလိုအပ်ပါ။ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ – ‘အပြည့် ပြိုင်ဆိုင်မှုရှိသောဈေးကွက်တွင် လုပ်ငန်းသည် အရှုံးနှင့်ရင်ဆိုင်နေရသော်လည်း စရိတ်ရှင်အတွက် ကာမိနေပါက လုပ်ငန်းကို ဆက်လက်လည်ပတ်မည်။’ ဟူသော ဖော်ပြချက်အတွက် အဖြေမှာ ‘မှန်’ ဖြစ်သည့်အတွက် ‘မှန်’ ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁–ခ)** ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက်အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာ ‘ကာလရှည် စုစုပေါင်းရောင်းလိုအား မျဉ်းကွေးသည်(က)အလျားလိုက် ဝင်ရိုးနှင့် အပြိုင်ဖြစ်သည်။ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ (ဂ) အပေါင်းလက္ခဏာလျှောစောက်ရှိသည်။’ ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁–ခ)၊ မေးခွန်းနံပါတ်သေး(၁)အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခု အတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁–ဂ)** ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုအပ်သည်။ ဥပမာ– ပျမ်းမျှထုတ်ကုန် တိုးတက်စဉ် အစွန်းထွက်ထုတ်ကုန်သည် ပျမ်းမျှထုတ်ကုန်ထက် ------------- နေသည်ဟူသော မေးခွန်းအတွက်အဖြေမှာ ‘ပိုမြင့်မား’ ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀) ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁) မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀) မှတ်တန် မှတ်စုရှည် (၁) ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ် (၅)နှင့်ပတ်သက်၍ အထူးအလေးပေးရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာအခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) **အခန်း(၁)** ‘ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း’တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအား အလျော့အတင်းများနှင့် ရောင်းလိုအား အလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ – ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသော အဖြေကို ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်းသဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင် သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်း တန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်း ရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအား အလျော့အတင်း အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | – |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

ဇယားပါအချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုး သို့မဟုတ် ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းရငွေပြောင်းလဲမှုအပေါ်မူတည်၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို သုံးသပ်ဖြေဆိုပါ ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$) ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။ ဈေးနှုန်းနှင့် အရေအတွက်ကို

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ်= ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ် ၊(၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာပြီး ရောင်းရငွေလည်း တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ ပြောင်းပြန်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း (၃၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ်= ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်၊ (၂၀) ကျပ်မှ (၁၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာသော်လည်း ရောင်းရငွေမှာ ကျဆင်းသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ တိုက်ရိုက်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(ခ) **အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'** တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှု အဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကိုသိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

(ဂ) **အခန်း(၃) 'စရိတ်သီအိုရီ'**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ- မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) **အခန်း(၇) 'စီးပွားရေးတိုးတက်မှု'** တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်းထက်နိမ့်သည် စသဖြင့်သုံးသပ်နိုင်သည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်နေသည်၊ အချို့နှစ်များတွင် စီးပွားရေး တိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျနေသည် စသဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း အတက်အကျရှိပါက မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်၊ မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် တိုးတက်ပြီး မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားသည် စသည်ဖြင့် ကာလတစ်လျှောက် တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းများကို သုံးသပ်ဖော်ပြနိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေး ဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း– ၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက် ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်၍ တွက်ချက်ပါဟု မေးထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း–၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

ငွေဖောင်းပွမှုနှုန်းကိုသုံးသပ်ပုံမှာ မည်သည့်နှစ်တွင် တက်သည်၊ မည်သည့်နှစ်တွင် ကျသည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်သည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျသည်၊ ငွေဖောင်းပွမှုနှုန်း မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်၍၊ မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသဖြင့်သုံးသပ်ဖော်ပြနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများကို နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများကို နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့်တွက်ချက်သုံးသပ်မှုမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ် ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

# ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော် ကျင်းပမည်



လွိုင်မွေတောင်စခန်းမြို့က ချယ်ရီပန်းများ။

**ကျိုင်းတုံ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွိုင်မွေဒေသတွင် စတုတ္ထအကြိမ် ချယ်ရီပန်းပွဲတော် ၂၀၂၅ ကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်း၌ ကျင်းပသွားမည် ဖြစ်သည်။

လက်ရှိ လွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိပြည်သူများ သွားရောက်ကြည့်ရှု ဓာတ်ပုံရိုက်လေ့ရှိပြီး လွိုင်မွေဒေသ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်မှ စတင်ကာ နှစ်စဉ်ဆောင်းရာသီ ချယ်ရီပန်းများပွင့်ဖူးချိန်တွင် ချယ်ရီပန်းပွဲတော် ကျင်းပခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ချယ်ရီပန်းပွဲတော်အတွင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဂုံရှမ်း၊ အာခါ၊ လားဟူ၊'ဝ'၊ လီဆူ၊ လွယ်၊ အားခေ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ ဒေသထွက်အမှတ်တရ ရိုးရာပစ္စည်းနှင့် အစားအစာများ၊ အရောင်းဆိုင်များ ရောင်းချပေးခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကျိုင်းတုံ)ရုံးမှ သိရသည်။

မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ အဆိုပါရာသီတွင် ချယ်ရီပန်းများ ပွင့်ကြသော်လည်း လွိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အများအပြား အစုလိုက်အပြုံလိုက် ပွင့်သောနေရာရှားပါးသည်။ ထို့ပြင် ၂၀၂၄ ခုနှစ်အတွင်း သစ်တောဦးစီးဌာနနှင့်အလှူရှင်များ ပူးပေါင်း၍ လွိုင်မွေတောင်စခန်းမြို့ အတက်၊ အဆင်း လမ်းဘေးဝဲယာနှင့် ကန်ပတ်လည်တို့တွင် ချယ်ရီပင် ၂၇၀၀ ထပ်မံစိုက်ပျိုးထားရှိပြီး ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

လွိုင်မွေတောင်စခန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၅၅၄၂ တွင် တည်ရှိပြီး အထင်ကရ လွိုင်မွေရေကန်၊ နှစ်တစ်ရာစံအိမ် စသည့်အမှတ်တရ ဓာတ်ပုံရိုက်ကူးသည့်နေရာများ များပြားသည့်အပြင် ဆောင်းရာသီကာလ ချယ်ရီပန်းပွင့်ချိန်တွင် နှစ်စဉ် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း အသက် ၉၂ နှစ်တွင် ကွယ်လွန်

**နယူးဒေလီ ဒီဇင်ဘာ ၂၇**



အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း။

အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းသည် အသက် ၉၂ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ တိုင်းပြည်ကို ၁၀ နှစ်တာ ဦးဆောင်ခဲ့သူလည်းဖြစ်သည်။ မန်မိုဟန်ဆင်းသည် ဒီဇင်ဘာ ၂၆ ရက်တွင် နယူးဒေလီရှိဆေးရုံတစ်ရုံ၌ ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။

မစ္စတာဆင်းသည် မူလက စီးပွားရေးပညာရှင်တစ်ဦးဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်လွန်နှစ်များတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖြေလျှော့မှုမူဝါဒကို ဦးဆောင်ရန် ဘဏ္ဍာရေးဝန်ကြီး ရာထူးတာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၎င်းသည် အိန္ဒိယနှင့် ဂျပန်စီးပွားရေး၊ လုံခြုံရေးနှင့် အခြားသောကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဆက်ဆံရေးခိုင်မာစေခဲ့သည်။ ထိုစဉ် ဒုတိယအကြိမ် သက်တမ်းအတွက် တာဝန်ယူစဉ် ၎င်း၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ အကျင့်ပျက်ခြစားမှု စွပ်စွဲမှုများအတွက် ထိခိုက်ခဲ့ရသည်။

၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ပါတီသည် လက်ရှိဝန်ကြီးချုပ်နာရန်ဒရာမိုဒီ၏ ပါတီကိုရှုံးနိမ့်ခဲ့သည်။ ဆင်းသည် ပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အထူးကြိုးပမ်းအားထုတ်ခဲ့သည်ဟု မိုဒီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ အမျိုးသားတိရစ္ဆာန်ဥယျာဉ်၏ဝင်ငွေမှာ သိသိသာသာတိုးလာ

**ကိုလံဘို ဒီဇင်ဘာ ၂၇**

သီရိလင်္ကာအမျိုးသားတိရစ္ဆာန်ဥယျာဉ်ဌာနသည် ၂၀၂၄ ခုနှစ်တွင် ဝင်ငွေသိသိသာသာတိုးလာပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅၀ ရာခိုင်နှုန်းကျော် ဝင်ငွေတိုးလာကြောင်း ညွှန်ကြားရေးမှူးချုပ် ရန်ဂျန်မာရာဆင်းဟီက ဒီဇင်ဘာ ၂၇ ရက်တွင် ကြေညာထားသည်။

အဆိုပါဌာနသည် ဒီဇင်ဘာ ၂၃ ရက်အထိ ရူပီး ၁ ဒသမ ၄၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅ သန်းခန့်) ရရှိလာကြောင်း မာရာဆင်းဟီက သတင်းထောက်များကို ပြောကြားသည်။ ယခုကဲ့သို့ ဝင်ငွေသိသိသာသာတိုးလာခြင်းမှာ သီရိလင်္ကာနိုင်ငံစီးပွားရေး တိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားခရီးသည်များ ဝင်ရောက်လာမှုနှင့် နိုင်ငံသားအများအပြားသည် အဆိုပါနေရာသို့ လာရောက်လည်ပတ်မှု တိုးမြင့်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သမိုင်းအချက်အလက်များအရ ဒီဇင်ဘာလနောက်ဆုံးပတ်သည် ပုံမှန်အားဖြင့် အမျိုးသားတိရစ္ဆာန်ဥယျာဉ်အတွက် စွမ်းဆောင်ရည်မြင့်မားသည့်ကာလဖြစ်ကြောင်း၊ ယခုကာလအတွင်း များပြားသည့် ဝင်ငွေရရှိရန် ခန့်မှန်းထားကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ဆင်ဟွာ**

# အစ္စရေးနှင့် ယီမင်မှ ဟူသီသူပုန်များကြား တိုက်ပွဲများအရှိန်မြင့်လာမှုကို ကုလအကြီးအကဲ ရှုတ်ချ

**ဂျီနီဗာ ဒီဇင်ဘာ ၂၇**

အစ္စရေးနှင့် ယီမင်မှ ဟူသီသူပုန်တို့ကြား တိုက်ပွဲများအရှိန်မြင့်လာမှုကို ကုလသမဂ္ဂ အကြီးအကဲ အန်တိုနီယို ဂူတာရက်စ်က ရှုတ်ချခဲ့ပြီး အပစ်အခတ်ရပ်စဲရေး တောင်းဆိုခဲ့သည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

အစ္စရေးတို့သည် ယီမင်နိုင်ငံ ဆာနား အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပင်လယ်နီဆိပ်ကမ်းနှင့် ဓာတ်အားပေးရုံများကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ယင်းသို့ပြုလုပ်ခြင်းသည် အချက်ပေးသံ မြည်လာခြင်းပင်ဖြစ်သည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ များပြားခဲ့ပြီး ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေကြောင်းအမှုထမ်းတစ်ဦး အပါအဝင် ဒဏ်ရာရရှိသူ များပြားကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆု ဦးဆောင်သည့် ကုလသမဂ္ဂ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားစဉ် လေဆိပ်၌ ရှိနေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းဒေသတွင် နောက်ထပ်တိုက်ခိုက်မှုများ အရှိန်မြင့်မားလာမည်ကို စိုးရိမ်ကြောင်း ဖော်ပြခဲ့ပြီး စစ်ရေးအရ ဆောင်ရွက်မှုများ ရပ်တန့်ပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန် ကုလအကြီးအကဲ က ထပ်လောင်းတောင်းဆိုခဲ့သည်။ ပင်လယ်နီဆိပ်ကမ်းများနှင့် ဆာနားလေဆိပ်ကို လေကြောင်းမှ တိုက်ခိုက်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ဆိုးရွားစွာ အန္တရာယ်ဖြစ်စေကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။ **ဆင်ဟွာ**




# လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၁ ဦးရှိလာ

**ဗီယင်ကျန်း ဒီဇင်ဘာ ၂၇**

လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၂၀၀၀၀ ကျော်ရှိပြီး ရောဂါကြောင့် သေဆုံးသူ ၁၁ ဦးရှိလာကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ထားသည်။ မြို့တော် ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားသူ ၅၇၆၁ ဦးရှိပြီး ကူးစက်မှုနှုန်း အများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဗဟိုပြန်ကြားရေးနှင့် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူများမှာ လာအိုနိုင်ငံ လူအန်းပရာဘန်ပြည်နယ်၌ လေးဦး၊ မြို့တော်၌ သုံးဦး၊ ဆစ်ခေါင်ပြည်နယ်၌ နှစ်ဦး၊ လူအန်းနမ်သာပြည်နယ်နှင့် ဗီယင်ကျန်းပြည်နယ်တို့၌ တစ်ဦးစီရှိကြောင်း သိရသည်။

ခြင်မှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် သတိရှိစွာနေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများကို တိုက်တွန်းထားသည်။

ထို့ပြင် ဝန်ကြီးဌာနက လာအိုနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်စွာဖြစ်ပွားမှုမှ ကာကွယ်ရေးစီမံကိန်းများ တိုးတက်လာစေရန် ကျန်းမာရေးအရာရှိများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဖြစ်ပွားသူ နှစ်ဦးထပ်မံတွေ့ရှိ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဖြစ်ပွားသူနှစ်ဦးကို ထပ်မံတွေ့ရှိခဲ့ပြီး ယခုနှစ်အတွင်း ပါကစ္စတန်၌ ပိုလီယိုရောဂါ ဖြစ်ပွားသူစုစုပေါင်း ၆၇ ဦးအထိရှိလာပြီဟု အမျိုးသားကျန်းမာရေးဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုတွေ့ရှိသည့် ပိုလီယိုရောဂါသည်နှစ်ဦးမှာ နိုင်ငံအနောက်မြောက်ပိုင်း တန့်ခ်ခရိုင်နှင့် တောင်ပိုင်းခရိုင် ကက်ရှ်မိုးတို့မှ ဖြစ်သည်။ ပိုလီယိုရောဂါဖြစ်ပွားသူများအနက် နိုင်ငံအနောက်တောင်ပိုင်း ဘလိုချစ်စတန်ပြည်နယ်မှ ၂၇ ဦး၊ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်မှ ၁၉ ဦး၊ တောင်ပိုင်း ဆင်းဒ်ပြည်နယ်မှ ၁၉ ဦး၊ အစ္စလာမ္မာဘတ်မှတစ်ဦး ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းမှ တစ်ဦးတို့ ဖြစ်ကြသည်။ ၂၀၂၄ ခုနှစ်အတွင်း ပါကစ္စတန် ပိုလီယိုအစီအစဉ်အရ ကာကွယ်ဆေးအစုလိုက်ထိုးနှံပေးမှုများ လုပ်ဆောင်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ တံတားပြိုကျမှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်းသေဆုံး၊ အခြားကိုးဦး ပျောက်ဆုံးနေ

**ရီယိုဒီဂျနေးယိုး ဒီဇင်ဘာ ၂၇**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်းသေဆုံးပြီး အခြားကိုးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဘရာဇီးရေတပ်က ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း တိုကန်တင်စ်မြစ်ပေါ်တွင် တည်ရှိသည့် တံတားသည် ဒီဇင်ဘာ ၂၂ ရက်က ပြိုကျခဲ့ကြောင်း မာရန်ဟိုပြည်နယ် အရပ်ဘက်ကာကွယ်ရေးက ပြောကြားသည်။

တံတားပြိုကျမှု ဖြစ်ပွားချိန်တွင် တံတားပေါ်၌ ထရပ်ကားသုံးစီး၊ မော်တော်ဆိုင်ကယ် အများအပြားနှင့် ကားနှစ်စီးထက်မနည်းရှိကြောင်း ဖက်ဒရယ်အဝေးပြေးလမ်းမကြီး ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါထရပ်ကားနှစ်စီးမှာ ဆာလဖျူရစ်အက်စစ်များကို သယ်ဆောင်လာသည့်အတွက် အာဏာပိုင်များက ဒေသတွင်း မြို့ ၁၉ မြို့တွင် ရေများသောက်သုံးခြင်းကို တားမြစ်ခဲ့ကြောင်း သိရသည်။ ယင်းတံတားမှာ ၂၀၁၉ ခုနှစ်မှစကာ အခြေအနေဆိုးရွားခဲ့ပြီး ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း အမျိုးသားသယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံဌာန၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသတွင်း မီဒီယာများက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



# ကလောမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲ အခမ်းအနားကျင်းပ

**ကလော ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ Hill Top Villa Hotel ၌ ဒီဇင်ဘာ ၂၇ ရက်က ရှမ်းပြည်နယ်အစိုးရ၏ ပံ့ပိုးညွှန်ကြားမှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဖြစ်သည့် ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းဆင်းပွဲ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ရှမ်းပြည်နယ် အစိုးရအနေဖြင့် ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိရာတွင် ခရီးစဉ်ဒေသများ သာယာလှပရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားမြှင့်တင်ရေး ပွဲတော်များ ကျင်းပပေးရေးတို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကိုလည်း လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလောမြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ခရီးသွားများအကြားထင်ရှားသောကြောင့် အစဉ်အမြဲ အရည်အသွေးနှင့် ပုံရိပ်မြင့်မားနေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီး၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစည်သူကျော်နှင့် တာဝန်ရှိသူများက သင်တန်းသုံးမျိုးတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။



အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၇၂ ဦးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ သင်တန်းသား သင်တန်းသူ ၂၁ ဦးဖြင့် ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့သည့် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှုဆင့်ပွားသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးမျိုးလှိုင် တက်ရောက် အမှာစကားပြောကြားစဉ်။ သီဟစည်သူ

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ ရဲတင့်နှင့် ကေယဉ်ယဉ်ထွန်းတို့က ချမ်းအေးသာစံမြို့နယ်နေ မ----၊ ၂၇/၂၄ နှစ်ကို တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ယွမ် ၁၅၀၀၀ ရရှိမည်၊ တစ်နှစ်ပေါင်းသင်းပြီးပါက ယွမ် ၁၅၀၀၀ ထပ်မံရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ပြည်သို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသဖြင့် ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်း (ပ) ၅၅/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား မဟာအောင်မြေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် တရားခံ ရဲတင့်နှင့် ကေယဉ်ယဉ်ထွန်းတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ်(၁၁)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ အေးအေးမိုး (ခ) မမမိုးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အရ ဝရမ်းအတည်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့ သူနာပြုသင်တန်းကျောင်း၌ (ပထမ)အကြိမ် သူနာပြု-သားဖွားဒီပလိုမာအပ်နှင်းပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သူနာပြုသင်တန်းကျောင်း၌ အပတ်စဉ်(၁) သူနာပြု သားဖွားဒီပလိုမာသင်တန်းသား သင်တန်းသူများ၏ (ပထမ) အကြိမ် သူနာပြု-သားဖွားဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်က သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန့်ဇော်လင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက (ပထမ) အကြိမ်မြောက် သူနာပြုဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းခံရသော သင်တန်းသား သင်တန်းသူများအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ သိရှိလိုက်နာရမည့် မေးခွန်းများ မေးမြန်းခြင်း၊ သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ပြုလုပ်ခဲ့ပြီး အောင်လက်မှတ်စာရင်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်မိုးက လက်မှတ်ရေးထိုးခဲ့ပြီး အောင်လက်မှတ်အပ်နှင်းပွဲ အမှာစကားပြောကြားပြီးနောက် သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်ကို



သင်တန်းသား သင်တန်းသူ ၁၄ ဦးအား ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘို – မြစ်ကြီးနား မဟာဗျူဟာကားလမ်း၊ ကန့်ဘလူမြို့အဝင် လမ်းဆုံ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၇၃၅ ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် ပခုက္ကူခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင် မင်းလှမြို့နယ် ကုန်းကြီးကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ၁၄၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀) နှင့် အဆိုပါဆီများ သိုလှောင်ရာတွင် အသုံးပြုသည့် သံကန် နှစ်ကန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင်ကျွန်းသစ ၀ ဒသမ ၁၈၀ တန်၊ အခြားသစ် ၆ ဒသမ ၂၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၈၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၁၂၀၈၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေး အဆန်ရထား၊ ကုန်တင်တွဲနံပါတ် – B.V.47504 ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၃၅၆၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၃



ဒသမ ၂၄၇ တန်၊ သစ်မာ ၁ ဒသမ ၃၃၇ တန်၊ အခြားသစ် ၄ ဒသမ ၄၃၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၅၂၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၅ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၇၄၆၉၆၄) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



# ကျိုက်မရောမြို့၌ (၇၅)ကြိမ်မြောက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဖြေဆို

**ကျိုက်မရော ဒီဇင် ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် (၇၅)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဖြေဆိုခြင်းကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကျိုက်မရောမြို့ ရသေ့ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ကာ ဩဝါဒါစရိယ သီရိဇေယျကျောင်းတိုက် ဆရာတော်က ဩဝါဒတရားချီးမြှင့်၍ YMBA အသင်းဥက္ကဋ္ဌ ဦးအေးအောင်က ဗုဒ္ဓဝင်စာမေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးက (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲမေးခွန်းလွှာများကို ဖွင့်ဖောက်၍ စာမေးပွဲကို ကျင်းပသည်။

အဆိုပါ စာမေးပွဲကို ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၅၅ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြရာ စာမေးပွဲဖြေဆိုနေမှုအား ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ အချိုရည်နှင့် မုန့်များကို ပေးအပ်သည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**


**အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ အကွက်အမှတ် (၃၆/၁)၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ(၀.၁၀၀)ဧကရှိမြေကွက်သည် မူလက ဒေါ်တင်စိန်အမည်ဖြင့်(၃၀-၆-၂၀၀၉) ရက်နေ့အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်တင်စိန်နှင့်ခင်ပွန်းဦးဘိုရွှေ (၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သားသမီးများဖြစ်သည့် ဦးကျော်ဝင်း၊ ဒေါ်ညို၊ ဒေါ်မြင့်အေး၊ ဒေါ်မြင့်မြင့်ငွေ၊ ဦးကျော်မင်း၊ ဒေါ်ငွေရီ၊ ဒေါ်ငွေဝင်း၊ ဒေါ်စန်းဝင်း၊ ဦးဆန်းလင်း(၉)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၉)ဦးအနက်မှ (၇)ဦးတို့က (၆-၁၁-၂၀၂၄) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၀၂/၂၀၂၄)အရ အမွေဆိုင်မြေကွက်အား ဒေါ်ငွေဝင်း ၁/မကန(နိုင်) ၀၀၆၆၁၃၊ ဒေါ်စန်းဝင်း ၁/မကန(နိုင်)၀၀၆၆၁၄ (၂)ဦးထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ငွေဝင်းပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ်တွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြစ်ကြီးနားမြို့






ABL APP is now AVAILABLE in both MM and ENG versions!



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဇုန်-၅)၊ (၁၇) ရပ်ကွက်၊ မြစ်ငယ်လမ်း၊ မြေကွက်အမှတ် (၃၈၁)၊ အကျယ်အဝန်း (၆၀ပေ × ၆၀ပေ)ရှိ ဒေါ်နန်းဖန် (ခ) နာနူး (၁၂/ပဇတ (နိုင်) ၀၂၆၉၄၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းဖန် (ခ) နာနူး ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆


# မြောင်းမြမြို့၌ ပထမအကြိမ် သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ပထမအကြိမ် သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေက အမှာစကား ပြောကြားသည်။ ဆက်လက်၍ သူနာပြုသင်တန်းကျောင်းမှ တာဝန်ခံနည်းပြအရာရှိ ဒေါ်အေးမြတ်ကလျာက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ မိန့်ကြားပြီး သူနာပြုဒီပလိုမာသင်တန်းကို ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီးဟု ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြေညာခြင်းခံကြရသော သင်တန်းဆင်းဒီပလိုမာယူမည့်သူများကို သက်ဆိုင်ရာ ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားကို မြောင်းမြ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြောင်းမြမြို့ ဆေးရုံအုပ်ကြီးနှင့် သူနာပြုသင်တန်းကျောင်းမှ တာဝန်ခံနည်းပြအရာရှိ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**


စာအုပ်
စာပေ
လူ့မိတ်ဆွေ




# ရပ်စောက်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ (၇၄)ကြိမ်မြောက် အောင်လက်မှတ်ချီးမြှင့်

**ရပ်စောက် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ အသင်းခွဲ ၁၉၁ ၏ (၇၄)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်း၊ (၇၅) ကြိမ်မြောက်(၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲကျင်းပခြင်း အခမ်းအနားများကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့မဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ညွှန့်ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် YMBA အသင်း၏ ဩဝါဒါစရိယဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတာရကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ မြို့နယ် YMBA အသင်း၏ နာယက ဦးစိုးသန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များက YMBA ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ဆုရရှိခဲ့သည့် ကျောင်းသား မောင်ကောင်းခန့်ဟိန်း၊ ကျောင်းသူ မယုနန္ဒာကို၊ မဆောင်းသဇင်မိုးနှင့် ပြည်နယ်အထူးအောင် ကျောင်းသူ မနှင်းဧကရီတို့အား ဆုတံဆိပ်၊ အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဘုရားကြီးကျောင်းတိုက်နှင့် ဆန္ဒကူးကျောင်းတိုက်ရှိ ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူ ၅၃ ဦး၏ အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၅၃၀၀၀၀ ကိုလည်း သက်ဆိုင်ရာ တာဝန်ခံ ဆရာတော်ကြီးများထံ ဆက်ကပ်ပြီး (၇၅)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲဖြေဆိုကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ (၇၅)ကြိမ်မြောက် စိန်ရတု ၃၈ ဖြာ မင်္ဂလာနှင့် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဝင်စာမေးပွဲကျင်းပ



**ပေါင် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု (၃၈) ဖြာ မင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပေါင်မြို့နယ် စာစစ်ဌာန သုံးခု၌ ပြုလုပ်သည်။ **(ဝဲပုံ)**

၃၈ ဖြာ မင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများဖြစ်ကြသည့် အထက မင်းတန်း၊ အထက ဇင်းကျိုက်၊ အထက နတ်ကြီးချောင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ အလတ်တန်း ၉၈ ဦး၊ အငယ်တန်း ၅၇၁ ဦး စုစုပေါင်း ၆၆၉ ဦးတို့က တစ်ပြိုင်နက်တည်း ဖြေဆိုရာသို့ စမ္ပာနဂိုရ်ဆရာတော်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။ **မွန်မလေး (ပြန်/ဆက်)**

# မြဝတီခရိုင်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက ကရင်ပြည်နယ် မြဝတီမြို့နယ် ပညာရေးမှူးရုံးနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ပြိုင်ပွဲများကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အမှတ်ပေးဒိုင်အဖွဲ့ခေါင်းဆောင် အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို ဖတ်ကြားပေးသည်။

ထို့နောက် ပြိုင်ပွဲကိုစတင်ခဲ့ရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦး၊ အထက်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ကိုးဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ၌ ဆုရရှိသူများကို လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **ဇာဖြူဝင်း(မြဝတီ)**



## မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပရဟိတအကျိုး အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်လိုသော ဗဟိုကော်မတီအဖွဲ့ဝင်များကို ဖိတ်ခေါ်အပ်ပါသည်။ ဗဟိုကော်မတီအဖွဲ့ဝင် အဆိုပြုလွှာများကို အသင်းရုံး၏ ရုံးချိန်အတွင်း ထုတ်ယူဖြည့်စွက်၍ **(၉-၁-၂၀၂၅) ရက် ကြာသပတေးနေ့ ညနေ(၅:၀၀)နာရီ** နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

**မှတ်ချက်** (၁) **သင်းဖွဲ့စည်းမျဉ်းနှင့်အညီ** ဗဟိုကော်မတီဝင်အဖြစ် ကြိုတင်အဆိုပြုလွှာတင်သွင်းထားသော အသင်းသားများသည် ဗဟိုကော်မတီဝင်အသစ်များ ရွေးချယ်ရာတွင် ဆန္ဒမဲပေးရမည် ဖြစ်ပါသဖြင့် ဆန္ဒမဲထုတ်ယူရန်အတွက် အသင်းဝင်ကတ်နှင့် အသင်းသို့ပေးသွင်းရန် ကျန်ရှိသောနှစ်စဉ်ကြေးနှင့် လှူဒါန်းရန်ကျန်ရှိသော ကတိပြုအလှူငွေများကို ပေးသွင်းထားခြင်းမရှိလျှင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဗဟိုကော်မတီဝင်အနေဖြင့် လက်ခံပေးနိုင်မည်မဟုတ်ပါ။**(၂၀၂၄ ခုနှစ်ကုန်အထိ)**ပေးသွင်းပြီးသူ ဖြစ်ရပါမည်။

(၂) အသင်းသို့ပေးသွင်းရန် ကျန်ရှိသောနှစ်စဉ်ကြေးနှင့် လှူဒါန်းရန်ကျန်ရှိသော ကတိပြုအလှူငွေများ ပေးသွင်းခြင်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက် ကြာသပတေးနေ့ ညနေ (၅:၀၀) နောက်ဆုံးထား၍ အသင်းရုံး၌ ပေးသွင်းနိုင်ပါသည်။

(၃) အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၀၉-၂၆၆၈၂၃၂၂၆၊ ၀၉-၄၂၂၇၂၁၇၅၇၊ ၀၉-၈၉၃၂၁၇၁၀၉ Email.mcef 1996@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/အေ၊ မြေကွက်အမှတ် ၁၅၂၊ ၀ ဒသမ ၀၂၈ ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၅၂)၊ ဘုရင့်နောင်လမ်းသွယ်(၂)၊ (၂)ရပ်ကွက်၊ ဦးနေအောင်(၆/ထဝန(နိုင်)၀၃၇၄၀၂)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်(ဖခင်)ဖြစ်သူ ဦးနေအောင်သည်(၂၇-၃-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ခင်ဟုန်သည် ၁၅-၃-၂၀၂၁ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သား/သမီးများဖြစ်ကြသော ဦးအောင်သူ ၆/ထဝန(နိုင်)၀၀၆၇၂၁၊ ဦးအောင်လွင် ၆/ထဝန(နိုင်)၀၃၇၄၀၈၊ ဒေါ်လွင်လွင်မိုး ၆/ထဝန(နိုင်)၀၃၇၄၀၆၊ ဦးအောင်ကျော်သက် ၆/ထဝန(နိုင်)၀၃၇၄၀၇၊ ဒေါ်ဝင်းပပအောင်(ခ)ဒေါ်ဝင်းဝင်းမိုး ၆/ထဝန(နိုင်)၀၃၇၄၀၅ တို့က မိမိတို့သည်ကွယ်လွန်သူ မိခင်/ဖခင်တို့၏သား/သမီးများဖြစ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ကိတ္တိမမွေးစားသားသမီးများ မွေးစားထားခြင်းမရှိပါကြောင်း ၁၀-၁၀-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးနေအောင်နှင့် ဒေါ်ခင်ဟုန်တို့၏ သေစာရင်း(၂)စောင် အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ မြေကွက်အမှတ်-၃၈ / အေ၂ / ၆၈(အေ)၊ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၀ ဒသမ ၀၂၉၀) ဧကရှိ မြေကွက်နှင့်စပ်လျဉ်း၍ အမည်ပေါက်ပိုင်ဆိုင်သူ ပိုင်ရှင်များက အများသိစေရန် ကြေညာခြင်း

